PROVEN GROUP OF COMPANIES

www.proven.com.mm

# NEWSLETTER

JANUARY,FEBRUARY,MARCH

2025



## HIGHLIGHTS

- Proven Group of Companies နှင့် Proven Distribution Co.,Ltd တို့၏ ဝန်ထမ်းထုအစည်း အဝေးကျင်းပခြင်း
- မြောင်းတကာရှိ PTIC Plant III (Phase-2) စက်ရုံသစ် ပန္နက်ရိုက်ပွဲအခမ်းအနားကျင်းပခြင်း
- Annual Corporate Photo ရိုက်ကူးခြင်း
- Pwint Thit Sa Report 2024 တွင် Proven Group of Companies Ltd သည် အဆင့် ၉ နေရာ ရရှိခဲ့ခြင်း
- Leadership Alliance: Building Unified Leaders Across Organizations 2025 (Specialist for Manufacturing Sector)
- MIoD Webinar - What Does ESG Mean for a Director?
- AEO Program (Public Awareness) အခမ်းအနား ဟောပြောပွဲတက်ရောက်ခြင်း
- Management Report Committee အစည်းအဝေး ကျင်းပခြင်း
- Risk Management Committee အစည်းအဝေး ကျင်းပခြင်း
- Risk Management Committee အစည်းအဝေး ကျင်းပခြင်း
- ဆရာကြီးဒေါက်တာအောင်ထွန်းသက်နှင့်တွေ့ဆုံဆွေးနွေးခြင်း
- YUEco နှင့် MOU လက်မှတ်ရေးထိုးခြင်း
- JobNet.com.mm နှင့်ပူးပေါင်း၍ပါဝင်ခြင်း
- CSR Steering Committee အစည်းအဝေးကျင်းပခြင်း
- အရေးပေါ် CSR အစည်းအဝေးကျင်းပခြင်း
- စုပေါင်းသွေးလှူဒါန်းပွဲကျင်းပခြင်း
- World Down Syndrome Day Awareness ပွဲ ကျင်းပခြင်း
- ဆောင်းပါးကဏ္ဍ




















# ဝန်ထမ်းထု အစည်းအဝေးကျင်းပခြင်း

PROVEN GROUP OF COMPANIES





## ၄ လပတ် ဝန်ထမ်းထု အစည်းအဝေးကျင်းပခြင်း

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီဖြစ်သည့် Proven Distribution Co., Ltd. တို့၏ (၄)လပတ် ဝန်ထမ်းထုအစည်းအဝေး (Durbar) ကို Proven Group of Companies Ltd. ၏ ဒုတိယထပ်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ဌာနအသီးသီးမှ ဝန်ထမ်းများတက်ရောက်ခဲ့ကြပါသည့် အပြင် နယ်ရုံးခွဲမှ ဝန်ထမ်းများလည်း online ဖြင့်တက်ရောက်ခဲ့ကြပါသည်။

## Proven Technology Industry Co.,Ltd. ၏ Plant III (မြောင်းတကာ)စက်ရုံတည်ဆောက်ရေးအတွက် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် ပန္နက်ရိုက်ပွဲ အခမ်းအနားကျင်းပခြင်း





























*Proven Technology Industry Co.,Ltd* ၏ *Plant III (*မြောင်းတကာ*)* စက်ရုံတွင် *Phase 2* တည်ဆောက်ခြင်းအတွက် ပန္နက်ရိုက် အခမ်းအနားအား သံဃာတော်များပင့်ဖိတ်ကာ အန္တရာယ်ကင်းတရားတော်များနာယူခြင်း အခမ်းအနားအား ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် *Plant III (*မြောင်းတကာ*)*စက်ရုံ တည်ရှိရာ၊ မြောင်းတကာစက်မှုဇုန်တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။





## *Proven Group of Companies Ltd.* နှင့် ညီနောင်ကုမ္ပဏီအသီးသီးရှိ *Executive Director* များ၊ အကြံပေးပုဂ္ဂိုလ်များ နှင့် *Management* အဖွဲ့ဝင်များ စုပေါင်းအမှတ်တရ *Annual Corporate Photo* ရိုက်ကူးခြင်း













၂၀၂၅ခုနှစ်၊ မတ်လ (၆)ရက်နေ့တွင် *Proven Group of Companies Ltd* နှင့် ညီနောင်ကုမ္ပဏီအသီးသီးရှိ *Executive Director* များ၊*Management* အဖွဲ့ဝင်များနှင့်၊ အကြံပေးပုဂ္ဂိုလ်များ စုပေါင်းအမှတ်တရ *Annual Corporate Photo* ရိုက်ကူးခြင်းအား ရွှေပြည်သာ စက်မှုဇုန်ရှိ *Proven Technology Industry Company Ltd. ( Plant II )* တွင် ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် အကြံပေး ပုဂ္ဂိုလ်များ နှင့် *Executive Director* များမှ လမ်းညွှန်သွန်သင် ဆုံးမမှုများနှင့် ဩဝါဒ အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပါသည်။ အစီအစဉ် ဖြစ်မြောက်အောင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ကျေးဇူး အထူး တင်ရှိပါသည်။




2024 Results (Top 30 Companies)

| 2024 Rank | 2022 Rank | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | SCORE |
|---|---|---|---|---|---|---|---|---|
| 1 | 2 | First Myanmar Investment | L | 100% | 88% | 92% | 41% | 78% |
| 1 | 2 | uab bank | PR | 90% | 85% | 64% | 79% | 78% |
| 3 | 6 | Maha Agriculture Microfinance | PR | 87% | 142% | 58% | 63% | 72% |
| 4 | 11 | TMH Telecom Public | L | 100% | 63% | 49% | 74% | 68% |
| 5 | 9 | Myanma Awba Group | PR | 96% | 74% | 56% | 64% | 67% |
| 6 | 4 | Max Myanmar Group of Companies | PR | 52% | 137% | 81% | 27% | 66% |
| 7 | 1 | City Mart Holding Limited (CMHL) | PR | 83% | 63% | 67% | 49% | 64% |
| 8 | 14 | Ayeyarwady Bank Public (AYA Bank) | PR | 59% | 60% | 56% | 70% | 63% |
| 9 | 13 | Proven Group of Companies | PR | 96% | 126% | 38% | 51% | 59% |
| 10 | 7 | Yoma Bank Limited | PR | 83% | 67% | 39% | 64% | 58% |

## ၂၀၂၄ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာတွင် *Proven Group of Companies Ltd* သည် အဆင့် ၉ နေရာအဖြစ်အသိအမှတ်ပြု ဖော်ပြခံရခြင်း

*Proven Group of Companies Ltd.* သည် *Myanmar Centre of Responsible Business* (မြန်မာစီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန)မှ *Yever*(စီးပွားရေး အကြံပေးကုမ္ပဏီ)နှင့်အတူ ပူးပေါင်းထုတ်ဝေသည့်(၈)ကြိမ်မြောက် အစီရင်ခံစာတွင် အဆင့် ၉ နေရာအဖြစ် အသိအမှတ်ပြုခြင်းခံရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု အစီရင်ခံစာဟုလည်းခေါ်သော ပွင့်သစ်စအစီရင်ခံစာကို *ASEAN Corporate Governance Scorecard* နှင့် *The Fair Finance Guide Methodology 2023* မှ စံချိန်စံနှုန်းများ အတိုင်း အကဲဖြတ်ထုတ်ဝေထားခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ အောင်မြင်မှုဟာ *Proven Group of Companies Ltd* ၏ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုရဲ့ သက်သေတစ်ခုပဲဖြစ်ပါတယ်။ ယခုကဲ့သို့ အသိအမှတ်ပြုခြင်းခံရတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်ပြီးပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော လုပ်ငန်းတစ်ခုအဖြစ် အစဉ်အမြဲ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ကတိပြုလိုက်ပါသည်။

# Leadership Alliance: Building Unified Leaders Across Organizations @2025 ကျင်းပခြင်း





















*Proven Group of Companies* မှ ဦးဆောင်၍ ညီနောင်ကုမ္ပဏီများအနက်မှ *Manufacturing Sector* များဖြစ်သည့် *Proven Technology Industry Company Limited*၊ *Proven Polyworld Company Limited* နှင့် *Yangon Metal Industry Company Limited* တို့၏ *Supervisor & Assistant Supervisor* စုစုပေါင်း (၁၀၉ ယောက်) ကို *Leadership Alliance: Building Unified Leaders Across Organizations @2025* ခေါင်းစဉ်ဖြင့် *Supervisory Skills Training* အား *Panda Hotel* ၌ *12th January 2025 (Sunday)* ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဘက်ဘက်မှ ပူးပေါင်းပါဝင်ပေးခဲ့ကြသည့် *Proven Group* ၏ မိသားစုဝင်လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါသည်။







***Directorship Series: What Does ESG Mean for a Director?***

*We are pleased to share the webinar "What Does ESG Mean for a Director?" featuring our CEO, U Than Htaik Lwin, was held on 24th January 2025 as part of the MIoD's Directorship Series.*

*In this engaging session, U Than Htaik Lwin delves into the importance of Environmental, Social, and Governance (ESG) factors for directors, and how these elements can shape effective leadership and decision-making in today's corporate world.*

*Please don't miss out on the key insights shared in this session!*

## AEO Program (Public Awareness) အခမ်းအနား ဟောပြောပွဲ တက်ရောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ပူးပေါင်းဆောင်ရွက်သော အကောက်ခွန်ဦးစီးဌာနတာဝန်ရှိသူများမှ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ် (AEO Program)နှင့် ပင်ရင်းနိုင်ငံ (Rules of Origin)နှင့် ပတ်သက်၍ အသိပညာပေးခြင်း (Public Awareness) အခမ်းအနားကို ၂၅.၀၃.၂၀၂၅ ရက်နေ့တွင် UMFCCI (မင်္ဂလာခန်းမ) ၌ ကျင်းပပြုလုပ်ခဲ့ရာ ယင်းအခမ်းအနားတွင် AEO အသိအမှတ်ပြုကုမ္ပဏီ Proven Technology Industry Co., Ltd (Importer Level -1) ကိုယ်စား Proven Group of Companies Ltd. ၏ CEO ဦးသန်းထိုက်လွင်မှ အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆောင်ရွက်ခဲ့သည့်အတွေ့အကြုံများကို မျှဝေခဲ့ပါသည်။




## Management Report Committee အစည်းအဝေး ကျင်းပခြင်း

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ *(၂၁)*ရက်နေ့နှင့် *(၂၂)*ရက်နေ့တို့တွင် *Proven Group of Companies* ၏ ညီနောင်ကုမ္ပဏီများတွင် *Management Review Committee (MRC) Meeting* များပြုလုပ်ခဲ့ကြပါသည်။ ယင်း *Meeting* တွင် ကုမ္ပဏီအသီးသီး၏ *Department* တစ်ခုချင်းအလိုက် ချမှတ်ပေးထားသော *Objective* များကို *Achieved* ဖြစ်/မဖြစ်နှင့် ထပ်မံတိုးတက်လာသည့် ညီနောင်ကုမ္ပဏီများတွင် ထားရှိရမည့် ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို အချိန်မီပြီးစီးဆောင်ရွက်နိုင်စေရန် ညှိနှိုင်းခဲ့ပြီး *Management Team* မှ ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ခဲ့ပါသည်။



ၾင်း *Meeting* ၏ ရည်ရွယ်ချက်မှာ -

- ကုမ္ပဏီမှချမှတ်ထားသော *ISO* နှင့် *IATF* တို့၏ *Standard* များ ကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း၊
- လုပ်ငန်းခွဲတစ်ခုချင်းအလိုက် လုပ်ဆောင်ချက် *(Performance)* များကို ပြန်လည်သုံးသပ်ခြင်း၊
- လုပ်ငန်းတစ်ခုချင်း၏ *Product* နှင့် ဝန်ဆောင်မှုများကို *Customer* များအနေဖြင့် စိတ်ကျေနပ်မှုရှိ/မရှိ သိရှိလိုခြင်း၊
- လက်ရှိလုပ်ငန်း၏ အခြေအနေနှင့် နောင်အနာဂတ်တွင် တိုးတက်မှုရှိစေရန် မည်သို့ဆောင်ရွက်နိုင်မည်ကို သုံးသပ်နိုင်စေရန် တို့ ဖြစ်ပါသည်။






## Risk Management Meeting ကျင်းပခြင်း

Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီအသီးသီးတွင် Risk management committee meeting ကို နှစ်စဉ်ကျင်းလျက်ရှိပြီး ယင်းအစည်းအဝေးတွင် လုပ်ငန်း၏ နောက်လာမည့် (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် Risk များကို စိစစ်ကာ အနည်းဆုံးလျော့ချနိုင်သည့် ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းအား ဆွေးနွေးခဲ့ကြပါသည်။







## Future Leadership Program အတွက် ဆရာကြီးဒေါက်တာအောင်ထွန်းသက်နှင့် တွေ့ဆုံဆွေးနွေးခြင်း

Future Leadership Program အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့တွင် Proven Group of Companies Ltd. ၏ Business Development Committee မှ တာဝန်ရှိလူကြီးမင်းများမှ ဆရာကြီး ဒေါက်တာ အောင်ထွန်းသက် နှင့် တွေ့ဆုံကာ လိုအပ်သည့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များအား တွေ့ဆုံ ဆွေးနွေးခဲ့ကြပါသည်။



## Yangon University of Economics (YUEco) နှင့် နားလည်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း

Proven Group of Companies Ltd. သည် ပညာရေးကဏ္ဍကို အားပေးပံ့ပိုးပေးလျက်ရှိသည့် အုပ်စုကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ Yangon University of Economics (YUEco)နှင့် နားလည်မှု သဘောတူစာချုပ် (MOU) ရေးထိုးခဲ့ပါသည်။ ယင်းသဘောတူစာချုပ်နှင့်ပတ်သက်၍ တက္ကသိုလ်ကျောင်းသူကျောင်းသားများ လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရေး Internship Program များနှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။




## Job Nation in Collaboration with JobNet.com.mm

Proven Group of Companies Ltd. သည် JobNet.Com.mm မှ ကြီးမှူး၍ Novel Hotel (Max) တွင် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော Job Nation တွင် ဂုဏ်ယူစွာဖြင့် ပူးပေါင်းပါဝင်ခဲ့ပါသည်။










## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ပထမအကြိမ် CSR Steering Committee Meeting အား ကျင်းပခြင်း




CSR Steering Committee ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ပထမ (၃)လပတ် အစည်းအဝေးကို ၇.၀၃.၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် CSR Steering Committee ၏ ဥက္ကဋ္ဌအသစ်ရွေးချယ်တင်ပြခြင်းနှင့် ပထမ (၃)လပတ်အတွင်း ဆောင်ရွက်မည့် CSR လုပ်ငန်းစဉ်များနှင့် တစ်နှစ်စာအတွက် သုံးစွဲမည့် CSR Budget များကို လျာထားဆုံးဖြတ်ခဲ့ကြပါသည်။



## အရေးပေါ် CSR Steering Committee Meeting ကျင်းပခြင်း

Proven Group of Companies Ltd မိသားစုအနေဖြင့် ၂၈.၀၃.၂၀၂၅ ရက်နေ့ (သောကြာနေ့)တွင် စစ်ကိုင်းတိုင်းဒေသကြီးကို ဗဟိုပြု၍ ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်၊ ပစ္စည်း၊ စည်းစိမ်များပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသည့် နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (တောင်ငူခရိုင်)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် တိုက်ရိုက်ပေးနိုင်သည့် ထောက်ပံ့ပေးမှုများအပြင် အသင်းအဖွဲ့များနှင့် အတူပူးပေါင်းကာ ဆောင်ရွက်ပေးနိုင်မှုအစီအစဉ်များကို CSR Steering Committee အနေဖြင့် ၃၁.၀၃.၂၀၂၅ ရက်နေ့တွင် ကျင်းပကာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ သုံးစွဲမည့် ငွေကြေးပမာဏများကိုသတ်မှတ်ဆုံးဖြတ်ခဲ့ကြပါသည်။

## Proven Group of Companies Ltd. နှင့် ညီနောင်ကုမ္ပဏီများ၏ စုပေါင်းသွေးလှူဒါန်းပွဲ














*Proven Group of Companies Ltd.* ၏ နှင့် ညီနောင်ကုမ္ပဏီများ၏ လူမှုအကျိုးပြုလုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် ❝အသက်တွေကယ်ဖို့ သွေးလှူစို့ ❞ ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ခုနှစ် မတ်လ *(၈)* ရက်နေ့တွင် အမျိုးသား သွေးလှူဘဏ်(ရန်ကုန်မြို့*)* နှင့် အထွေထွေရောဂါကု ဆေးရုံကြီး *(*မန္တလေးမြို့*)* တို့၌ သန့်စင်သော သွေးပုလင်းပေါင်း *(*၁၁၀*)* ကျော် လှူဒါန်းခဲ့ကြပြီး၊ ပူးပေါင်းပါဝင်လှူဒါန်းပေးကြပါသော *Proven Group of Companies Ltd.* နှင့် ညီနောင် ကုမ္ပဏီ အသီးသီးမှ အဖွဲ့ဝင်လူကြီးများနှင့်တကွ ဝန်ထမ်းများအားလုံးကိုအထူးပင်ကျေးဇူးတင်ရှိပါသည်။












# *World Down Syndrome Day 2025*

*World Down Syndrome Day 2025* ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့်ဆောင်ရွက်သော *“Knowledge Sharing Session on Raising Parental Awareness for the improvement of PWDS”* အစီအစဥ်အား ၂၀၂၅ ခုနှစ် မတ်လ *(၂၉)* ရက်နေ့တွင် *Yangon Polyland Academy International Shcool* ၌ ပြုလုပ် ကျင်းပခဲ့ပါသည်။ *Proven Group of Companies Ltd* အနေဖြင့် *World Down Syndrome Day 2025* အခမ်းအနားဖြစ် မြောက်ရေး အတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ အစီအစဥ်ဖြစ်မြောက်ရေး အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြ သူများအား ကျေးဇူး အထူးတင်ရှိပါသည်။














# ခေတ်သစ်စာရင်းစစ်
# ( Modern Auditing )




ခေတ်သစ်စာရင်းစစ်ဆိုသည်မှာ ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အချက်အလက်များ၏ တိကျမှု၊ ယုံကြည်စိတ်ချရမှုနှင့်ခိုင်မာမှုရှိစေရန်အတွက်စာရင်းစစ်နယ်ပယ်တွင် အသုံးပြုသည့် ခေတ်ပြိုင် အလေ့အကျင့်များ၊နည်းစနစ်များနှင့် နည်းပညာများကို ရည်ညွှန်းပါသည်။ နည်းပညာတိုးတက်မှုများ၊ စည်းမျဉ်းစည်းကမ်း ပတ်ဝန်းကျင်များ အပြောင်းအလဲများနှင့် လုပ်ငန်းလည်ပတ်မှု ရှုပ်ထွေးမှုများနှင့်အတူ သိသိသာသာ တိုးတက်ပြောင်းလဲလာပါသည်။ အောက်ဖော်ပြပါများသည် ခေတ်မီစာရင်းစစ်၏ အဓိကကျသော ကဏ္ဍများဖြစ်သည်-

(၁) နည်းပညာအခြေပြုစာရင်းစစ်ဆေးခြင်း ( Technology Driven Auditing )
(၂) စွန့်စားရမှုအခြေခံစာရင်း စစ်ဆေးခြင်း ( Risk Based Auditing )
(၃) စဉ်ဆက်မပြတ် စာရင်းစစ်နှင့် စောင့်ကြည့်စစ်ဆေးခြင်း (Continuous Auditing and Monitoring )
(၄) လိမ်လည်မှုကို ထောက်လှမ်းခြင်းအပေါ် အလေးထားပါ (Emphasis on Fraud Detection )
(၅) စည်းမျဉ်းစည်းကမ်းလိုက်နာမှု (Regulatory Compliance )
(၆) ပေါင်းစပ်စာရင်းစစ် ( Integrated Auditing )
(၇)ရေရှည်တည်တံ့မှုနှင့် ESG စာရင်းစစ် (Sustainability and ESG Auditing )
(၈) စာရင်းစစ်ကျွမ်းကျင်မှု မြှင့်တင်ပါ ( Enhanced Auditor Skills )
(၉) အဝေးထိန်းစစ်ဆေးခြင်း (Remote Auditing )
(၁၀) Stakeholder Assurance ကို အာရုံစိုက်ပါ ( Stakeholder Assurance )

**ခေတ်သစ်စာရင်းစစ်တွင် စိန်ခေါ်မှုများ ( Challenges in Modern Auditing )**

Cybersecurity Risks - စာရင်းစစ်များသည် ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ဒေတာချိုးဖောက်မှုများ၏ ကြီးထွားလာသောခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရမယ်ဖြစ်သည်။
ကမ္ဘာလုံးဆိုင်ရာလည်ပတ်ဆောင်ရွက်မှုများ၏ ရှုပ်ထွေးမှု-နိုင်ငံစုံအဖွဲ့အစည်းများကို စာရင်းစစ်ခြင်းတွင် မတူကွဲပြားသော စည်းမျဉ်းစည်းကမ်း ပတ်ဝန်းကျင်များနှင့် ယဉ်ကျေးမှုကွဲပြားမှုများကို လမ်းညွှန်ရန် လိုအပ်သည်။
နည်းပညာဖြင့်အရှိန်မြှင့်ခြင်း- စာရင်းစစ်များသည် နည်းပညာတိုးတက်မှုကို အမီလိုက်နိုင်ရန် ၄င်းတို့၏ ကျွမ်းကျင်မှုနှင့် ကိရိယာများကို စဉ်ဆက်မပြတ် မွမ်းမံပြင်ဆင်ရမည်ဖြစ်သည်။

**စာရင်းစစ်၏အနာဂတ်လမ်းကြောင်းများ (Future Trends in Auditing )**

အန္တရာယ်အကဲဖြတ်ခြင်းအတွက် ကြိုတင်ခန့်မှန်းပိုင်းခြား စိတ်ဖြာခြင်းနှင့် စိစစ်လေ့လာ သုံးသပ်ခြင်းတို့ကို တိုးမြှင့်အသုံးပြုခြင်း။
စာရင်းစစ်လုပ်ငန်းစဉ်များတွင် ESG အကြောင်းရင်းများကို ပိုမိုပေါင်းစပ်ခြင်း။
ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှုအတွက် blockchain-based စာရင်းစစ်ကိုချဲ့ထွင်ခြင်း။
တရားစီရင်ပိုင်ခွင့်များတစ်လျှောက် အလေ့အကျင့်များ သဟဇာတဖြစ်အောင် ကမ္ဘာလုံးဆိုင်ရာ စာရင်းစစ်စံနှုန်းများ ဖော်ဆောင်ခြင်း။

ခေတ်သစ်စာရင်းစစ်သည် ယနေ့ခေတ်၏ ရှုပ်ထွေးသောစီးပွားရေး ပတ်ဝန်းကျင်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ရိုးရာအခြေခံမှုများကို ဆန်းသစ်သော နည်းပညာများနှင့် နည်းစနစ်များ ပေါင်းစပ်ထားသည့် သွက်လက်ပြီး ပြောင်းလဲနေသော နယ်ပယ်တစ်ခု ဖြစ်သည်။

ဦးထွန်းမြင့်
**Chief Internal Auditor**
**Proven Group of Companies Ltd.**